AROMA
ဝိညာဉ်ရေးထုတ်စာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

May 2008 အတွဲ ၅၊ အမှတ် ၅။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဧဝံဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)

ယခုလဖတ်စရာ

- ယုံကြည်ခြင်းနှင့်ပြည့်ဝသူ
- လူ့သမိုင်းကိုခွဲခြားဖော်ပြသော မျဉ်းကြောင်း
- ထာဝရဆောင်းပါးများ

ဝိညာဉ်ရေးအကြံပေး
သိက္ခာတော်ရဆရာစောလယ်ထူး

အယ်ဒီတာအဖွဲ့

ဦးကမ် (**ထုတ်ဝေရေး**)
**ukamaroma@gmail.com**
သောင်းနိုး (**ကွန်ပြူတာစာတည်း**)
**thawngnoaroma@gmail.com**

ကွန်ပြူတာစာစီ

မတင်လေးခိုင်(နယူးယောက်)
မစိမ်းလဲ့ခိုင်(နယူးယောက်)

ဆက်သွယ်ရန်လိပ်စာ

3401 Sudlersville South
Laurel, MD 20724
thawngnoaroma@gmail.com
Tel: 301-776-6820

# ယုံကြည်ခြင်းနှင့်ပြည့်ဝသူ

## (A Faith-Filled Believer)

သိန်းသန်း

ယုံကြည်ခြင်းသည် ခရစ်ယာန်အသက်တာ၏ အရေးအကြီးဆုံးသော အခြေခံအုတ်မြစ်ဖြစ်ပါသည်။ သို့ဆိုလျှင် ကျွန်ုပ်သည် မည်ကဲ့သို့ယုံကြည်ခြင်းနှင့် ပြည့်ဝသူတစ်ဦးဖြစ်နိုင်မည်နည်း။ အလွန်ပင်လက်တွေ့ကျသည့် မေးခွန်းတစ်ခုဟုဆိုနိုင်သည်။ ဟုတ်ကဲ့ သည်အကြောင်းကိုပဲ ကျွန်တော်ဝေငှပါမည်။

### ၁။ ယုံကြည်ခြင်း၏အဓိပ္ပါယ်ဖွင့်ဆိုချက် (The definition of faith)

ပထမဆုံးသိရမည်မှာ ယုံကြည်ခြင်းသည် အဘယ်အရာဖြစ်သနည်း။ ယုံကြည်ခြင်းသည် လူ၏အတွေးအခေါ်၊ ထင်မြင်ယူဆမှု၊ ထက်မြက်သော လှို့ဆော်မှု (သို့) အကြောင်းအရာတစ်ခုကို လေးလေးနက်နက်ဆင်ခြင်စဉ်းစားခြင်းမှ ပေါက်ဖွားလာသည့်အရာမဟုတ်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲမှ ပေါက်ဖွားလာသည့်အရာဖြစ်သည်။

**"ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလန်းခြင်းအကြောင်းဖြစ်၏။" (ဟေဗြဲ ၁၁း၁)**

ယုံကြည်ခြင်းသည် ကျွန်ုပ်တို့လိုချင်သည့်အရာကို ရမည်ဟု စိတ်ချမှု၊ မမြင်ရသေးသော အရာများကို မြင်ရမည်ဟု ယုံကြည်ချက်၊ တနည်းအားဖြင့် ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အတွက် မျှော်လင့်ထားသောအရာကို ရရှိမည်ဟူသော အာမခံချက်ပင်ဖြစ်သည်။

ယုံကြည်ခြင်းအမျိုးမျိုးရှိပါသည်။ ကယ်တင်ခြင်းရပြီးသူဖြစ်စေ၊ မရသေးသောသူဖြစ်စေ၊ သဘာဝဇာတိ ယုံကြည်ခြင်း လူတိုင်းမှာရှိသည်။ သို့ရာတွင် အထက်ပါကျမ်းပိုဒ်တွင် ဖော်ပြပြောဆိုနေသော ယုံကြည်ခြင်းသည် သဘာဝကို လွန်ဆန်နေသော ယုံကြည်ခြင်းဖြစ်သည်။ မိမိစိတ်အာရုံခံစားမှုဖြင့် ယုံကြည်သည်ထက် နှလုံးသားဖြင့် ယုံကြည်သောယုံကြည်ခြင်းကိုဆိုလိုသည်။ ယုံကြည်ခြင်းသည် မဖြစ်နိုင်သောအရာများကို စွဲကိုင်မျှော်လင့်ပြီး အမှန်တကယ်ဖြစ်ရပ်များ သို့ ပြောင်းလဲစေခြင်းဖြစ်သည်။

**...သင်သည်ဆုမတောင်း/ ကျမ်းစာမဖတ် နိုင်လောက်အောင်အလွန်အလုပ်များနေလျှင် ဘုရားသခင်အလိုရှိသည်ထက် ပို၍အလုပ်များနေပြီဖြစ်သည်...**

အထက်ပါကျမ်းပိုဒ်ထဲ၌ ယုံကြည်ခြင်းသည် **"မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်း"** ဟု ဖော်ပြထားသည်။ ဥပမာအားဖြင့် ပေးရန်ရှိသည့် ကြွေးမြီများကို ပေးနိုင်ရန်အတွက် လိုအပ်သည့်ငွေကြေးကို လိုအပ်သည့်အချိန်၌ ရရှိမည်ဟူသော ယုံကြည်စိတ်ချမှု အာမခံချက်သည် ယုံကြည်ခြင်းဖြစ်သည်။

လူအများက ဖြစ်ပေါ်လာသည်ကို သိရှိတွေ့မြင်နိုင်ကာမှ ယုံကြည်နိုင် မည်ဟုဆိုကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်က ထိုသို့ပြောမထားပေ။ **"သင်တို့သည် ဆုကျေးဇူးကို ရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်း သမျှတို့ကိုရကြလိမ့်မည်။" (မာကု ၁၁း၂၄) လက်ခံရရှိခြင်းသည် ယုံကြည်ပြီး မှဖြစ်ပေါ်လာသည်။** သင်သည်လက်ခံရရှိမည်ကို ယုံကြည်ပြီးမှ အမှန်တကယ်ရရှိမည်ဟု ခရစ်တော်က ပြောဆိုနေခြင်းဖြစ်သည်။

**၂။ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်း ကွာခြားချက်**(The difference between Faith and Hope)

ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်း ကွာခြားချက်ကို ကဲနက်(သ်)၊ အီး၊ ဟေဂင်က ဤကဲ့သို့ ရှင်းပြခဲ့သည်။ ယုံကြည်ခြင်းနှင့်ပတ်သက်၍ အဓိကကျသော အချက်မှာ (ဟေဗြဲ ၁၁း၁) ပင်ဖြစ်သည်။ **"ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။"** ၎င်းကျမ်းပိုဒ်တွင် **"မျှော်လင့်သော အရာတို့ကို မျက်မှောက်ပြုခြင်း"** ဟူသော စကားလုံးကို တွေ့ရသည်။ ယုံကြည်ခြင်း မလာခင် မျှော်လင့်ခြင်း အရင်ရှိရမည်။ သင်သည် မည်သည့် အရာအတွက် မျှော်လင့်ထားသနည်း။ သင်မျှော်လင့်ထားသောအရာများကို သိရမည်။ သို့သော် ယုံကြည်ခြင်းသည် မျှော်လင့်ခြင်းမဟုတ်ပါ။

မျှော်လင့်ခြင်းသည် အနာဂတ်မှာသာ ရှိပါသည်။ မျှော်လင့်ခြင်းအားဖြင့် ပြဿနာ၏အဖြေကို မရနိုင်ပါ။ အနာဂတ်တွင် မျှော်လင့်ထားသည့် အရာများကို ယခုပစ္စုပ္ပန်၌ဖြစ်ပြီး ရရှိပြီဟု စိတ်ချမှုရှိခြင်းသည် ယုံကြည်ခြင်းပင်ဖြစ်သည်။ မျှော်လင့်ခြင်းက ဘုရားသခင်လုပ်ဆောင်ပေးလိမ့်မည်ဟု ခံယူသည်။ သို့ရာတွင် ယုံကြည်ခြင်းက လုပ်ဆောင်ပေးပြီးပြီ၊ လုပ်ဆောင်ပေးနေသည်ဟု ခံယူသည်။

**"တဖန်တို ဖြောင့်မတ် သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်" (ဂလာတိ ၃း၁၁)။**

**"ဖြောင့်မတ်သောသူသည် မျှော်လင့်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်"** ဟု ပြောမထားပါ။ သို့သော် ယနေ့ယုံကြည်သူများသည် မျှော်လင့်ခြင်း အဆင့်၌သာ ရပ်တံ့နေကြသည်။ မျှော်လင့်ခြင်းသည်လည်း မှန်ကန်စွာအသုံးချနိုင်ပါက အလွန်ကောင်းမြတ်ပြီး ကောင်းကြီးရသည့်အရာဖြစ်သည်။ သခင်ယေရှု ခရစ်တော်ပြန်လည်ကြွလာခြင်း၊ အသက်ရှင်သော သန့်ရှင်းသူများအား ချီဆောင်ခြင်း၊ ကောင်းကင် နိုင်ငံတော်ကိုဆင်ခြင်ခြင်း၊ ကျွန်ုပ်တို့ချစ်ခင်သူများနှင့် မိတ်ဆွေများကို ပြန်လည်ဆုံတွေ့နိုင်ခြင်းဟူသော မျှော်လင့်ချက်ကို ဘုရားသခင် ပေးထားသည့်အတွက် အထူးပင်ကျေးဇူးတင်ပါသည်။ သို့ရာတွင် ထိုအရာများအားလုံးသည် အနာဂတ်ကာလ အတွက်သာ ဖြစ်သည်။

တစ်ချိန်တစ်ခါ၌ ကျွန်ုပ်သည် အနာရောဂါငြိမ်းခြင်း လက်ခံရရှိမည်။ ၎င်းသည် ယုံကြည်ခြင်းမဟုတ်၊ မျှော်လင့်ခြင်းဖြစ်သည်။ အတိအကျမသိသည့် အနာဂတ်အချိန် ကို လှမ်းမျှော်ကြည့်နေခြင်းဖြစ်သည်။ ကျွန်ုပ်သည် အနာငြိမ်းခြင်း ကို ယခုပင်ရရှိသည်ဟု ယုံကြည်ခြင်းက ပြောဆိုသည်။

**၃။ ဘုရားသခင်၏ယုံကြည်ခြင်း (သို့) ဘုရားသခင်ကဲ့သို့ယုံကြည်ခြင်း**
**(Faith of God)**

**"ယေရှုကလည်း သင်တို့သည် ဘုရားသခင်ကို ယုံကြည်ခြင်း ရှိကြလော့။ ငါအမှန်ဆိုသည်ကား အကြင်သူသည် ယုံမှားသောစိတ်နှင့် ကင်း၍ မိမိဆိုသည့် အတိုင်းဖြစ်မည်ဟု ယုံကြည်လျက် ထိုတောင်ကို နေရာမှရွေ့လော့။ ပင်လယ်၌ကျလော့ဟုဆိုလျှင် ထိုသူဆိုသည့်အတိုင်း ဖြစ်လိမ့်မည်" (မာကု ၁၁း၂၂-၂၃)**

ဘုရားသခင်ကို ယုံကြည်ခြင်းရှိကြလော့၊ (Have Faith in God) ဂရိဘာသာစကားတွင် **"ဘုရားသခင်၏ ယုံကြည်ခြင်းကိုရယူပါ** (Have Faith of God)**"** ဟူသော အဓိပ္ပါယ်ရပါသည်။ တနည်းအားဖြင့် ဘုရားသခင်ကဲ့သို့ ယုံကြည်ခြင်းကို ပြောနေခြင်းဖြစ်သည်။ ပြဿနာတောင်များကို ရွှေ့နိုင်သော ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ကိုယ်ပိုင် ယုံကြည်ခြင်း မဟုတ်ပါ။ ဘုရားသခင်၏ ယုံကြည်ခြင်းဖြစ်ပါသည်။

ဘုရားသခင်၏ ယုံကြည်ခြင်း၊ ဘုရားသခင်ကဲ့သို့ ယုံကြည်ခြင်းသည် လူ့ထံမှလာသော အရာမဟုတ်။ ဘုရားသခင်ထံမှလာပါသည်။ မည်သို့မည်ပုံ လာသနည်း။ **"ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့်ဖြစ်၏။" (ရောမ ၁၀း၁၇)။**

ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာခြင်းအားဖြင့် ယုံကြည်ခြင်း ရရှိသည့်နည်းတူ ဘုရားသခင်ထံမှ ကျွန်ုပ်တို့လက်ခံရရှိသည့်အရာအားလုံး အတွက်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

ဘုရားသခင်ကဲ့သို့ ယုံကြည်ခြင်းသည် ဘုရားသခင်ဖွင့်ပြသော နှုတ်ကပတ်တော် ကြားနာခြင်းအားဖြင့် ရရှိသည်။ တနည်းပြောရလျှင် ဘုရားသခင်သည် ကြားနာသူများ၏ နှလုံးသားထဲသို့ ဘုရားသခင်ကဲ့သို့ သော ယုံကြည်ခြင်းကို ထည့်သွင်းပေးသည်။ ဘုရားသခင်ကဲ့သို့ ယုံကြည်ခြင်း အမျိုးအစား၌ (၂) ချက်ပါရှိသည်။ ရှေးဦးစွာ လူတစ်ဦးသည် နှလုံးသားအားဖြင့် ယုံကြည်သည်။ ဒုတိယအနေနှင့် နှုတ်အားဖြင့် ထုတ်ဖော်ပြောဆို ယုံကြည်သည်။

## ၄။ ယုံကြည်ခြင်းနှင့် လုပ်ဆောင်ချက် (Faith and Works)

**''ယုံကြည်ခြင်းသည် အကျင့်နှင့် အတူပြုပြင်၍ အကျင့်အားဖြင့် စုံလင်သည်ကို သိမြင်ရ၏။'' (ယာကုပ် ၂း၂၂)**

ယုံကြည်ခြင်းသည် လုပ်ဆောင်ချက်နှင့် တစ်ပါတည်း တွဲဖက်လျက်ရှိကြောင်း ရှင်ယာကုပ်မှ ဖော်ပြပါသည်။ အကျင့်မပါသော ယုံကြည်ခြင်း (ဝါ) လုပ်ဆောင်ချက်မပါသော ယုံကြည်ခြင်းသည် အသေဖြစ်သည်။ သခင်ယေရှုသည် မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်အားဖြင့် လူငါးထောင်ကိုကျွေးရန် မလောက်ငှမှန်းသိသော်လည်း ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကိုချီးမွမ်း၍ ဝေငှစေခဲ့သည်။ (မဿဲ ၁၄း၁၉–၂၀)

လာဇရုသေလွန်သည်မှာ (၄) ရက်ရှိပြီး ပုပ်စော်နံနေမည်ကို ယေရှုသိပါသည်။ သို့သော် လာဇရုပြန်ရှင်လာမည်ကို ယေရှုအကြွင်းမဲ့ ယုံကြည်သောကြောင့် သင်္ချိုင်းတွင်းဝ၌ ပိတ်ထားသော ကျောက်ကိုရွှေ့ခိုင်းပါသည်။

ကျွန်ုပ်တို့အသီးသီးသည် သူ့အလိုအလျောက်ဖြစ်လာမည့် အောင်မြင် ပြည့်ဝသောအသက်တာကို နှစ်သက်ကြသည်။ သမ္မာကျမ်းစာက အလိုအလျောက် ဖြစ်လာသောအရာ တစ်စုံတစ်ခုမျှမရှိကြောင်း သတိပေးထားသည် (ယော ၁း၃)။ ယုံကြည်ခြင်းသည် လုပ်ဆောင်မှုနှင့် တွဲဆက်လျက်ရှိပါသည်။

ဟေဗြဲသြဝါဒစာ အခန်းကြီး (၁၁) တွင် ယုံကြည်ခြင်း၏ သူရဲကောင်း များကို တွေ့ရသည်။ သူတို့သည် ယုံကြည်ခြင်းအားဖြင့် ရန်သူ၏တပ်များကို သိမ်းပိုက်နိုင်ခဲ့သည်။ ပြဿနာတောင်ကြီးများကို ရွှေ့စေခဲ့ကြသည်။ ကြီးမားထူးဆန်းသော နိုးထမှုကြီးများကို ဖြစ်စေခဲ့သည်။ ဘုရားသခင်၏လက်တော် ကို လှုပ်ရှားစေပြီး အံ့ဩဖွယ်နိမိတ်လက္ခဏာများ မြင်တွေ့ခဲ့ရသည်။ ဘုရားသခင်၏ ကောင်းကြီးမိုးရွာသွန်းခဲ့ရသည်။ ချို့တဲ့မှုများမှ လွတ်မြောက်၍ ကြွယ်ဝ ချမ်းသာခြင်းကို ရယူနိုင်ခဲ့သည်။ အားနည်းနိမ့်ကျသူဘဝမှ ကမ္ဘာကို ကိုင်လှုပ်နိုင်သူများအဖြစ် မော်ကွန်းထိုးနိုင်ခဲ့သည်။ ယုံကြည်ခြင်းသည် လုပ်ဆောင်မှုနှင့် ဒွန်တွဲမှသာ ပြည့်စုံပါသည်။

## ၅။ ယုံကြည်ခြင်း၏တန်ခိုး (The Power of Faith)

ယုံကြည်ခြင်းသည် ဘုရားဝတ်၌ မွေ့လျော်ခြင်း၏ အနှစ်သာရဖြစ်ပြီး ဝိညာဉ် အရာများကို ဆာငတ်တောင့်တစေသည်။ လူတစ်ဦးသည် ၎င်းကြုံတွေ့နေရသော အခြေအနေတစ်ရပ်ရပ် (သို့) စိတ်မချမ်းမြေ့ဖွယ်ရာ ပတ်ဝန်းကျင်တစ်ခုကို ယုံကြည်ခြင်းအားဖြင့် ပြောင်းလဲပစ်နိုင်သည်။ ယုံကြည်ခြင်းသည် လျစ်လျူရှုခံရခြင်းကိုဖယ်ထုတ်ပြီး ဝရုန်းသုန်းကားဖြစ်နေသော အခြေအနေတစ်ရပ်ကိုလည်း မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ကို သင်ကြားပေးသည်။ ကျွန်ုပ်တို့၏ လောကီ ဆိုင်ရာတပ်မက်ခြင်းများနှင့် မကောင်းမှုတစ်စုံတစ်ရာပြုလုပ်ခြင်းကိုလည်း ယုံကြည်ခြင်းအားဖြင့် အောင်မြင်အနိုင်ယူနိုင်သည်။

အံ့ဩဖွယ်နိမိတ်လက္ခဏာများသည် ယုံကြည်ခြင်း၏နောက်မှာ အမြဲတစေ လိုက်ပါလာလေ့ရှိသည်။ ယုံကြည်ခြင်း၌ ခိုင်မြဲခြင်းနှင့် ဆုတောင်းခြင်း၌ အားကြီးသော အသက်တာတို့သည် အစဉ်အမြဲတွဲဆက်လျက်ရှိသည်။ စစ်ကြောစုံစမ်းခြင်းခံနေရသည့် အချိန်၌ပင် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ငြိမ်ဝပ်ခြင်းချမ်းသာထဲသို့ ဝင်ရောက်နိုင်သည်။ (ဟေဗြဲ ၄း၃) ယုံကြည်ခြင်းသည် ထာဝရနှင့်စပ်ဆိုင်သောအရာတစ်ခုဖြစ်ပြီး ယုံကြည်ခြင်းအားဖြင့်သာ လူတစ်ဦးသည် ယခုဘဝ၊ နောင်ဘဝနှင့်စပ်ဆိုင်သော ဆုလာဒ်ကို ရရှိနိုင်သည်။ ယုံကြည်ခြင်းနှင့် လျှောက်လှမ်းသူတို့အတွက် အဆုံးမှာ အသက်သရဖူနှင့် ဘုန်းအသရေက စောင့်ကြိုနေပါသည်။

## ၆။ ယုံကြည်ခြင်း၏ အဆီးအတားများ (Obstacle of Faith)

ယုံကြည်ခြင်းရှိသည့်နေရာတိုင်းတွင် အဆီးအတားလည်းရှိသည်။ ယုံကြည်ခြင်း၏ အကြီးမားဆုံးရန်သူမှာ ''ဆန္ဒစောခြင်း (ဝါ) အလျင်စလိုပြုမှု ခြင်း'' နှင့် ''အဆိုးမြင်ဝါဒရှိခြင်း'' ပင်ဖြစ်သည်။ အလျင်စလိုပြုမှုခြင်းသည် ယုံကြည်ခြင်း၏ ပန်းတိုင်ကိုလွဲချော်စေသည်။ အဆိုးမြင်ဝါဒမှုကား ယုံကြည်ခြင်း၏ အရှိန်ကို ဟန့်တားလျော့ပါးစေသည်။ **ယုံကြည်ခြင်းသည် မည်သည့်အခါမှ နောက်ကျသည်မရှိသလို၊ အလောသုံးဆယ် ကတိုက်ကရိုက်ပြုမူခြင်းလည်း မရှိပါ။** အခြေခံအားဖြင့် ယုံကြည်ခြင်းသည် ငြိမ်သက်ခြင်း (သို့) တည်ငြိမ် ခြင်းနှင့်အမြဲ ဒွန်တွဲလာသည်။ စိတ်တိုခြင်း၊ သည်းမခံနိုင်ခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့် ရန်းရင်းခတ်ဆူညံခြင်းတို့သည် နှလုံးသားထဲ၌ ယုံကြည်ခြင်း ကင်းမဲ့နေခြင်း၏ လက္ခဏာများဖြစ်သည်။ **ယေရှုက ယုံကြည်ခြင်းအားနည်းသူသည် ယုံမှားသံသယစိတ်ဝင်လွယ်သူဖြစ်ကြောင်း ပြောပါသည်။ (မဿဲ ၁၄း၃၁)**

သင်၏ယုံကြည်ခြင်းကို စစ်ဆေးပါ။ သင့်အသက်တာ၌ ဘုရားသခင် မနှစ်သက်သောအရာများရှိလျှင် ၎င်းတို့သည်လည်း ယုံကြည်ခြင်းအတွက် အဆီးအတားဖြစ်နိုင်သည်။ သင်လုပ်ဆောင်လေသမျှသောအရာတိုင်း၌ ဘုရားသခင်ကျေနပ်နှစ်သက်စေရန် ပြုမူပါ။

## ၇။ ယုံကြည်ခြင်းမျိုးစေ့ (Seed faith)

**''မုန်ညှင်းစေ့သည် အစေ့တကာတို့ထက်ငယ်သော်လည်း ကြီးပွားသောအခါ မြက်ပင်တကာတို့ထက်ကြီးသဖြင့် မိုးကောင်းကင်ငှက်တို့သည်လာ၍ အကိုင်းအခက်တို့၌ နားနေမှီခိုလောက်သောအပင်ဖြစ်တတ်သည်ဟု မိန့်တော်မူ၏။'' (မဿဲ ၁၃း၃၂)**

ယုံကြည်ခြင်းသည် မျိုးစေ့နှင့်လည်း သဏ္ဌာန်တူပါသည်။ **သင်၌ရှိသော ယုံကြည်ခြင်းမျိုးစေ့ကို ပြုစုပျိုးထောင်ပါ။ ရှင်သန်ကြီးထွားစေပါ။**

ဘုရားသခင်မှာ အကန့်အသတ်မရှိပါ။ ၄ ရာ ၄း၁–၇ အဖြစ်အပျက် ကိုကြည့်ပါ။ မုဆိုးမ၏ဆီအိုးထဲမှ ဆီကို အခြားအိုးများထဲသို့လောင်းထည့်ရာ အိုးလပ် မရှိတော့မှ ဆီက တန့်သွားပါသည်။ ဆီတန့်သွားလို့ရပ်လိုက်ရတာ မဟုတ်ပါ။

ခံစရာအိုးကုန်သွားသောကြောင့်ဖြစ်သည်။

ဘုရားသခင်သည် မကုန်မခမ်းနိုင်သော၊ အတိုင်းအဆမရှိသော ကောင်းကြီးမင်္ဂလာကို ကျွန်ုပ်တို့အားပေးချင်ပါသည်။ ကျွန်ုပ်တို့ဘက်မှ ယုံကြည်ခြင်းနှင့် ခံယူရန်ပင်ဖြစ်သည်။

ကျွန်ုပ်တို့၌ရှိသော ယုံကြည်ခြင်းသည် ယောန၏ကြက်ဆူပင်ကဲ့သို့ နေ့ချင်းညချင်း ကြီးထွားလာမည်မဟုတ်ပေ။ အစေ့တစ်စေ့မှ အပင်ကြီးဖြစ်ရန် လ၊ နှစ်ချီ၍ အချိန်ယူရသကဲ့သို့ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ကြီးထွားစေဖို့ **ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် နေ့စဉ်ထိတွေ့အချိန်ယူရမည်။**

ယုံကြည်ခြင်းနှင့်ပြည့်ဝသူများသည် ပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိ ပါသည်။ ကနဦးအသင်းတော်၌ အသင်းတော်ပြဿနာများကို ဖြေရှင်းနိုင်ဖို့ အတွက် **ယုံကြည်ခြင်းနှင့် လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် လည်းကောင်း** ပြည့်စုံသော သတေဖန်၊ ဖိလိပ္ပု၊ ပြောခေါ်၊ နိကနော်၊ တိမုန်၊ ပါမေန၊ ယုဒဘာသာဝင်သော အန္တိအုတ်မြို့သား နိကောလတို့ကို ရွေးကောက်ခန့်ထားကြောင်း တွေ့ရပါသည်။ (တမန် ၆း၅)

သင်သည် ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်အကြောင်းကို **နေ့စဉ်စဉ်းစား၊ ဆင်ခြင်ပြောဆိုခြင်း** အားဖြင့် ယုံကြည်ခြင်းနှင့်ပြည့်ဝသူတစ်ဦး ဖြစ်လာမည်။ ထိုအခါ သင်သည် ဘုရားသခင်ပေးသော အောင်မြင်သော အသက်တာ၏ အသီး အပွင့်များကို လက်တွေ့ခံစားနိုင်မည်ဖြစ်သည်။

**ဘုရားသခင်သည် စကြာဝဠာကို ဖန်ဆင်းတော်မူသော ယုံကြည်ခြင်းကို ကျွန်ုပ်တို့နှလုံးသားထဲ၌ သွင်းပေးထားသည်။**

သိန်းသန်း

<u>မှီငြမ်းကိုးကားစာရင်း</u>

၁။ ကဲနက်(သ်)၊ အီး၊ ဟေဂင်၏ ယုံကြည်ခြင်းအတွက် အခြေခံအုတ်မြစ်များ (ဘာသာပြန်)
၂။ ပြဿနာများအပေါ်အောင်မြင်ခြင်း (သိန်းသန်း)
၃။ Unshakable Faith (Nihu, ခေတ္တ Bombay)

# လူ့သမိုင်းကိုခွဲခြားဖော်ပြသောမျဉ်းကြောင်း
## The Dividing Line of Human History

ထို့ကြောင့် ပဌမပဋိညာဉ်တရားလက်ထက်၌ ပြစ်မှားသောအပြစ်ကိုလည်း လွတ်စေခြင်းငှာ၊ ခရစ်တော်သည် အသေခံတော်မူသည်ဖြစ်၍၊ ခေါ်တော်မူသောသူတို့သည် ကတိတော်နှင့်ယှဉ်သော ထာဝရအမွေကို ခံရမည်အကြောင်း၊ *ထိုသခင်သည် ပဋိညာဉ်တရားသစ်၏ အာမခံဖြစ်တော်မူ၏။ အမွေခံစေခြင်းငှာ အခွင့်ပေး၍ စာချုပ်သည်အမှုမှာလည်း စာချုပ်တည် လျှင်စာချုပ်သော သူသည် ဧကန်သေရမည်မှန်ပြီ။ အကယ်၍ မသေလျှင်၊ ထိုစာချုပ်သည် မတည်၊ သေမှသာတည်၏(ဟေဗြဲ၊ ၉း၁၅-၁၇)။*

ခရစ်တော်ရဲ့မွေးဖွားခြင်းဟာ သမိုင်းလမ်းကြောင်းကြီးကိုပင် နှစ်ပိုင်း ပိုင်းရဖို့ဖြစ်သွားစေခဲ့ပါပြီ။ ကမ္ဘာ့ပြက္ခဒိန်တွင် BC နှင့် AD ဟူ၍ ခွဲခြားခဲ့ရာတွင် BC (Before Christ ခရစ်တော် မပေါ်မီ)နှင့် AD (Anno Domini; In the Year of the Lord - သခင်ဘုရား၏နှစ်) ဟူ၍ နှစ်ပိုင်းခွဲခြားပြီး ဖော်ပြရဖို့ ဖြစ်လာခဲ့ပါပြီ။

ဤကမ္ဘာမြေကြီးသည် ခရစ်တော်ရဲ့ "မွေးဖွားခြင်း"ကို ဗဟိုပြုလျှက် လူသားတို့၏ ရာဇဝင်သမိုင်းကို ခွဲခြားပြီး အသိအမှတ်ပြုခဲ့ကြရသလို ဘုရားသခင်သည်လည်း ခရစ်တော်ရဲ့ "လက်ဝါးကပ်တိုင်"ကို ဗဟိုပြုလျှက် လူသားတို့၏ဘဝသမိုင်းကို ခွဲခြားလျှက် အသိအမှတ်ပြုခဲ့ပါပြီ။

*နောင်ကာလအခါ၌ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သောပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ၏ ပညတ်တရားကို သူတို့အတွင်းထဲသို့ သွင်းမည်။ သူတို့နှလုံး ပေါ်မှာ ရေးထားမည်။ ငါသည်သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည် (ယေရမိ၊၃၁း၃၃)။*

ဘုရားသခင်သည် လူသားများ အတွက် ပဋိညာဉ်တရားသစ်ကို ပေးမယ်ဆိုတဲ့အကြောင်းကို ဓမ္မဟောင်းကျမ်း၌ ပရောဖက်ပြုပြီး ရေးသားထားခဲ့ပါတယ်။ ထိုပဋိညာဉ်တရားသစ်ဟာ ခရစ်တော် ကားတိုင်ပေါ်၌ အသေခံသောနေ့မှ စတင်၍အသက်ဝင်လှုပ်ရှား အကောင်အထည်ပေါ်သွားခဲ့ပါပြီ။ ထိုအချိန်မှစပြီး ယနေ့အထိ ထိုတရားသစ်ရဲ့ လက်အောက်မှာ ကျွန်တော်တို့ အသက်ရှင်ခွင့်ရခဲ့ကြပါတယ်။

ယခုအချိန်မှာ "သေတမ်းစာချုပ်" နှင့် "ပဋိညာဉ်တရား" တို့၌ တူညီသော အချက်တစ်ခုရှိနေတာနဲ့ ပတ်သက်ပြီး ရှင်းပြ ပါရစေ။ လူတစ်ဦးဟာ သူမသေခင်မှာ သူ့ရဲ့ဆန္ဒကို ရေးသားထားသောစာချုပ်ကို "သေတမ်းစာချုပ်"လို့ ခေါ်ပါတယ်။ ထိုသူသေပြီးဆိုတာနဲ့ ထိုစာချုပ်ပါအကြောင်းအရာများကို အကောင် အထည်ဖော်ဖို့နဲ့ အတည်ပြုဖို့အတွက်ဘဲ ဖြစ်ပါတယ်။ ထိုသူမသေသေးဘူးဆိုရင်တော့ ထိုစာချုပ်ကို

အကောင်အထည် မဖော်နိုင်သေးပါဘူး။ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆိုလျှင်တော့ ကာယကံရှင်ရဲ့သေဆုံးခြင်း အရင်ဖြစ်ပေါ်ဖို့ လိုအပ်ပါတယ်။

ထိုနည်းတူစွာ (ဟေဗြဲ၊၉း၁၆၊ ၁၇) ကလည်း အဲဒါ ကိုဘဲဆိုလိုနေပါတယ်။ "သေတမ်းစာချုပ်"ကိုရေးသောသူ မသေမခြင်း ထိုစာချုပ်ကို အကောင်အထည် မဖော်နိုင်သလို ထိုပဋိညာဉ် တရားသစ်သည်လည်း ခရစ်တော်ရဲ့သေခြင်းရှိပြီးမှ စတင်အသက်ဝင်လှုပ်ရှားခြင်းဖြစ်လာခဲ့ရပါပြီ။ ဒါကြောင့်လည်း ခရစ်တော်ရဲ့ သေခြင်းက လိုအပ်လာခဲ့ပါပြီ။

*သို့ရာတွင် ငါတို့သည်ကိုယ်တန်ခိုးကို အမှီပြု၍၊ ကိုယ်အလိုအလျောက် တစုံတခုကို ကြံစည်ခြင်းငှာ၊ တတ်နိုင်သည် မဟုတ်။ ဘုရားသခင်ကိုအမှီပြု၍သာ တတ်နိုင်သည်နှင့်အညီ၊ ပဋိညာဉ်တရားသစ်၏ဆရာဖြစ်နိုင်သောအစွမ်းသတ္တိကို ဘုရားသခင်သည် ငါတို့အားပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်းဟောင်းတရားကိုမဆိုလို၊ ဝိညာဉ်တော်တရားကိုဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကို သတ်တတ်၏။ ဝိညာဉ်တော် တရားမူကား ရှင်စေတတ်၏ (၂ကော၊၃း၅-၆)* ။

ပဋိညာဉ်တရားသစ်သည် သိနတောင်ပေါ်တွင်မောရှေမှတဆင့် ဣသရေလလူမျိုးများအတွက် ဘုရားသခင် ပေးခဲ့သောပဋိညာဉ်တရားတော်ဟောင်းနှင့် ကွာခြားမှုရှိပါတယ်။

(၂ကော၊၃)မှာ ရှင်ပေါလုရဲ့ ဖော်ပြချက်အရဆိုလျှင် ထိုပဋိညာဉ်တရားတော်ဟောင်းတွင် လုပ်ဆောင်ချက် နှစ်ခုရှိနေပါတယ်။ တစ်ခုမှာ လူသားများကို အပြစ်စီရင်ခြင်းဖြစ်ပြီး အခြား တစ်ခုမှာ လူသားများကို သေခြင်းလက်သို့ ပို့ဆောင်ခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုပညတ်တော်များကို ထိန်းသိမ်းနိုင်ဖို့ရန် လူသားတိုင်းဟာ ဖြောင့်မတ်မှန်ကန်သော အသက်ရှင်မှုကို အချိန်တိုင်းမှာ ရွေးချယ်နေထိုင်ဖို့လိုအပ်ပါတယ်။ ဒါကို မထိန်းသိမ်းနိုင်သူများဟာ အပြစ်ကို ကျူးလွန်သူများဖြစ်လာကြပြီး အပြစ်ကို ကျူးလွန်မိသူများအတွက် အပြစ်ရဲ့အဖိုးအခကလည်း သေခြင်းဘဲဖြစ်ပါတယ်။ ဒါကြောင့် တကယ့် လက်တွေ့မှာ ဘယ်လူသားကမှလည်း ထိုပဋိညာဉ်တရားတော်ကို အချိန်တိုင်းမှာ လိုက်လျှောက်ခြင်းငှာ မတတ်နိုင်ကြတဲ့အခါမှာ လူသားတိုင်းဟာ ဘုရားသခင်နဲ့ ဝေးကွာလာခဲ့ကြပါတယ်။ ဒါကြောင့်လည်း ဘုရားသခင်က ဒုတိယပဋိညာဉ် တရားသစ်ကို ပေးခဲ့ပါတယ်။

*ပဌမပဋိညာဉ်တရားသည် အပြစ်တင်ခွင့် မရှိသည်မှန်လျှင်၊ ဒုတိယပဋိညာဉ်တရားတည်ရသော အခွင့်ကို အဘယ်ကြောင့်ရှာရသနည်း။* ပဌမပဋိညာဉ်တရားကို ထာဝရဘုရားသည် အပြစ်တင်၍ . . *(ဟေဗြဲ၊၈း၇-၈)*

ပထမပဋိညာဉ်တရားကို ထာဝရဘုရားသည် အပြစ်တင်ရဖို့ဖြစ်ခဲ့ရခြင်းတွင် "အမှားအယွင်း"ကတော့ ဘုရားသခင်ဖက်ကမဟုတ်ပါဘူး။ ဘုရားသခင်ပေးခဲ့တဲ့ ဓမ္မဟောင်းကျမ်းမှ ပညတ်တော်များမှာ ဘာအမှားအယွင်းမှ မရှိပါဘူး။ ထို "အမှားအယွင်း"သည် လူသားတွေဖက်ကဘဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ ကျွန်တော်တို့ လူသားတွေဖက်ကသာလျှင် ထိုပညတ်တော်များတို့ကို "မလိုက်နာနိုင်ခဲ့ကြခြင်း"ဘဲဖြစ်ပါတယ်။ ဒါကြောင့် ဘုရားသခင်ဟာ ကျွန်တော်တို့အတွက် လက်ခံရန် အခက်အခဲမရှိနိုင်တဲ့ ပဋိညာဉ်တရားသစ်ကို ပေးရာတွင် ကျွန်တော်တို့ဖက်က မလိုက်နာနိုင်စရာအကြောင်း ဘာမှမရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်ဟာ လူသားများ မတတ်နိုင်တဲ့ဝန်ထုပ်ကို ခရစ်တော်ကိုသာ ထမ်းစေခဲ့ပါပြီ။ ကျွန်တော်တို့ရဲ့ လွတ်မြောက်ရာလမ်းကို ပြင်ဆင်ပေးတဲ့ ဘုရားသခင်ဟာ ခရစ်တော်အားဖြင့် ပဋိညာဉ်တရားသစ်ကို ပြင်ဆင်ပေးခဲ့ပါပြီ။

ပဋိညာဉ်တရားတော် အဟောင်းအရ သိုး၊ နွား၊ ဆိတ်တို့ရဲ့ အသွေးများအားဖြင့် လူသားများရဲ့အပြစ်များတို့ကို ဖုံးအုပ်ထားယုံမျှသာ တတ်နိုင်ခဲ့ပါတယ်။ ပဋိညာဉ်တရားသစ်အရ ကတော့ ခရစ်တော်ရဲ့အသေသတ်ခံခြင်းအားဖြင့် လူသားအားလုံးရဲ့အပြစ်အားလုံးကို အကုန်အစင် ယူပြစ်လိုက်နိုင်ခဲ့ပါပြီ။

*တရားတော်အဟောင်းအရ ယဇ်ပူဇော်ခြင်းအမှုကို အကြိမ်ကြိမ်ပြုရပါသော်လည်း တရားတော်သစ်အရ ခရစ်တော်သည် ယဇ်ကောင်အဖြစ် ပူဇော်ခြင်းခံရလျှက် အသက်အသေခံ ခြင်းတွင် ခရစ်တော်တဦးတည်း တကြိမ်တည်းသေဖို့ လိုအပ်ပါတယ်။*

ထိုအပြစ်တို့ကိုလွှတ်ပြီးလျှင် နောက်တဖန် အပြစ်ဖြေသော ပူဇော်သက္ကာကို ပြုစရာအကြောင်းမရှိ *(ဟေဗြဲ၊၁၀း၁၈)* ။

တရားတော် အဟောင်းအရ ယဇ်ပူဇော်ခြင်းအမှုကို နှစ်စဉ်ပြုလုပ်ရင်း မိမိ၌အပြစ်ရှိကြောင်းကို သတိရနေဖို့လိုအပ်ပေမယ့် တရားတော်သစ်အရ ဘုရားသခင်က ကျွန်တော်တို့ပြုခဲ့သောအပြစ်များတို့ကို ဗွေမယူတော့ပါဘူး၊ အမှတ်မထားတော့ပါဘူး။

တရားတော်အဟောင်းအရ အပြစ်၏အဖိုးအခအဖြစ် သေခြင်းကို ရင်ဆိုင်ရမှာဖြစ်သော်လည်း တရားတော်သစ်အရ ခရစ်တော်အားဖြင့် ထာဝရအသက်ရှင်ခြင်းဆုကျေးဇူးကို ကျွန်တော်တို့ရယူနိုင်ကြပါပြီ။

တရားတော်အဟောင်းအရ ထာဝရဘုရားနဲ့နီးဖို့ရန် ခက်လှသော်လည်း

တရားတော်သစ်အရ ထိုဘုရားကို "အဖေ" လို့ပင် ခေါ်နိုင်ကြပါပြီ။ ခရစ်တော်ရဲ့ လက်ဝါးကပ်တိုင်အားဖြင့် တရားတော်သစ်ကိုလက်ခံရရှိပြီးဖြစ်တဲ့ ကျွန်တော်တို့အတွက် ပညတ်တော်များတို့ကို ကြိုးစားပြီးလိုက်လျှောက်နိုင်ဖို့ လုံးပမ်းရင်းနဲ့ ခြေကုန်လက်ပန်းကျစရာမလိုတော့ပါဘူး။ ထိုတရားတော်အသစ်သည် ဘုရားသခင်ရဲ့ချစ်ခြင်း မေတ္တာနဲ့ကျေးဇူး ဂရုဏာတော်အပေါ်မှာလုံးဝမူတည်နေပါပြီ။ မိမိ၏ကြိုးစားအားထုတ်မှုကြောင့်မဟုတ်ဘဲ ထိုခရစ်တော်ရဲ့ ကျေးဇူးတော်အားဖြင့်သာ အသက်ရှင်ခြင်းအခွင့်ကို ရနိုင်တယ်ဆိုတဲ့ အမှန် တရားက လူသားများကို လွတ်လပ်ခြင်းပေးနေပါပြီ။ သင်သည် တရားတော်အဟောင်းအားဖြင့် ဘုရားသခင်ရဲ့ရှေ့တော်မှောက်၌ မျက်နှာရဖို့ လုံးပမ်းနေပါသေးသလား မိတ်ဆွေ။ သို့တည်းမဟုတ် ခရစ်တော်ရဲ့လက်ဝါးကပ်တိုင်သည် လူ့သမိုင်းလမ်းကြောင်းကို ပိုင်းခြားခဲ့ပြီးဆိုတာကိုသင် လက်ခံနိုင်မှာလား။ ထို့အပြင် ခရစ်တော်ရဲ့ အသေခံခြင်းအားဖြင့် ဘုရားသခင်သည် ပဋိညာဉ်တရားသစ်ကို လူသားတွေအတွက်ပေးခဲ့ပြီးဆိုတာကိုရော သင်အသိအမှတ်ပြုလက်ခံနိုင်မှာလား။

ထိုပဋိညာဉ်တရားသစ်လက် အောက်မှာရှိနေတဲ့ ကျွန်တော်တို့ဟာ ခရစ်တော်ကို လွတ်လပ်စွာ ချစ်မြတ်နိုးနိုင်ခြင်း၊ ထာဝရဘုရားသခင်ကို အဖေအဖြစ် ရင်းရင်းနှီးနှီးဆက်သွယ်နိုင်ခြင်းနဲ့ ကြွယ်ဝသော အသက်တာကို ခံစားရရှိ နိုင်ခြင်းတို့ကို ရှင်ပြန်ထမြောက်တော်မူသော ထိုခရစ်တော်အားဖြင့် ဘုရားသခင်ဟာ ကျွန်တော်တို့အတွက် စီစဉ်ပေးခဲ့ပြီးပါပြီ။

စတယ်လာဝေ

# ထာဝရဆောင်းပါးများ

**ပိုင်ရှင်အစစ်ကို သိရှိပါ။**

ကမ္ဘာပေါ်ရှိ သန်း (၆၀၀၀) ကျော်သော လူသားများသည် မိမိကိုယ်ကို ဖန်တီး၊ ရပ်တည်၊ အသက်ရှင်ကြသည်ဟု ထင်နေပါသလား။ မိတ်ဆွေ သူတို့ကို ပိုင်သောအရှင်သည် မည်သူဖြစ်နေမည်ဟု ထင်နေပါသလဲ။ ထိုအချက်ကို သိရှိရန် အလွန်အရေးကြီးကြောင်း ဦးစွာပြောပါရစေ။

သမ္မာကျမ်းစာတွင် ထာဝရဘုရားသည် မြေကြီးနှင့် မြေကြီးတန်ဆာကို လည်းကောင်း၊ လောကဓါတ်နှင့် လောကသားတို့ကို လည်းကောင်း၊ ပိုင်တော်မူ၏ (ဆာ ၂၄း ၁) ဟု အတိအကျ ဖော်ပြထားပါသည်။

သို့ဖြစ်ရာ လူသားတိုင်း၏ ပိုင်ရှင်အစစ်အမှန်သည် ထာဝရဘုရားသခင်သာ လျှင်ဖြစ်သည်။ သို့သော် လူသားများသည် မိမိတို့ကို ပိုင်ဆိုင်သည့် ဘုရားသခင်၏ အလိုတော်ကို လစ်လျူရှုခဲ့ကြခြင်းမှာ အလွန်ပင် ဝမ်းနည်းစရာကောင်းလှသည်။

ကိုယ့်ကိုယ်ကိုသာ သိတတ်၊ ချစ်တတ်သော လူသားများသည် ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော လုပ်တတ်ကြသည်။ မကောင်းမှန်း သိလျှက်နှင့် အပြစ်ကျူးလွန်ကြသည်။ ပြစ်မှားသော ဝိညာဉ်သည် အသက်သေရမည်ဟု ပိုင်ရှင် ထာဝရဘုရားက ပြောထားသည် (ယေဇ ၁၈း ၄)။

မည်သို့ပင် ဖြစ်စေ၊ ဘုရားသခင်သည် ချစ်ခြင်း မေတ္တာဖြစ်တော်မူသည့်အတိုင်း အပြစ်သားများကို အစဉ်အမြဲ ချစ်တော်မူသည်။ ထို့ကြောင့်ပင် သူ၏ တစ်ပါးတည်းသော သားတော်ယေရှု ခရစ်တော်ကို ဤလောကသို့ စေလွှတ်၍ အပြစ်သားများကို ကယ်တင်စေခဲ့ပါသည်။

ယေရှု ခရစ်တော်သည် လူသားများ၏ အပြစ်အားလုံးကို သူ၏ အသွေးတော်ဖြင့် ဆေးကြောပေးခဲ့သည်။ လူသားများ ခံယူရမည့် သေခြင်း (ငရဲ)ကို ကိုယ်စား ခံယူခြင်းဖြင့် ပိုင်ရှင်အစစ်ထံ ပြန်သွားနိုင်ရန် လမ်းခင်းပေးခဲ့ပါသည်။

သခင်ယေရှုခရစ်တော်၏ လုပ်ဆောင်ပေးချက်ကို အတွင်းနှလုံးသားမှ ယုံကြည်လက်ခံသူ သခင်ယေရှုကို မိမိ၏ အသက်သခင်ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံသူအားလုံးသည် ပိုင်ရှင်အစစ် ဘုရားသခင်၏သားဖြစ်ရသော အခွင့်ရရှိမည် ဖြစ်သည် (ယော ၁း၁၂)။ ပိုင်ရှင်အစစ်ကို သိရှိ၍ ပိုင်ရှင်၏ အလိုတော်အတိုင်း အသက်ရှင်နိုင်သောသူဖြစ်ရန်ဘုရားသခင် ကောင်းကြီးပေးပါစေ။

**နယူး (New)လား မိတ်ဆွေ။**

နှစ်ဟောင်းကုန်လို့ နှစ်သစ်ရောက်လာပြီ။ မြင်မြင်သမျှ နယူး (New) ဖြစ်ပေမယ့် မိတ်ဆွေကိုယ်တိုင် လိုအပ်နေတဲ့ နယူး (New)ကို မသိချင်ဘူးလား။

လူတိုင်းမှာ အဟောင်းထက် အသစ်ကို ကြိုက်နှစ်သက်ကြတာ မငြင်းနိုင်ဘူး။ တခဏသာ တည်တဲ့အရာကိုတောင် ဒီလောက်ကြိုက်နှစ်သက်ရင် ထာဝရတည်မယ့် ဝိညာဉ်သစ်လွင်မှုကို ပိုပြီး ကြိုက်နှစ်သက်ဖို့ အချိန်ရောက်နေပါပြီ မိတ်ဆွေ။

ဘာကြောင့်လူတွေက အဟောင်းကို မကြိုက်ဘဲ အသစ်ကိုပဲ ရွေးကြိုက်နေကြတာလဲ။ ရှင်းပါတယ် မိတ်ဆွေ။ လူသားတွေကို သန့်ရှင်းမြင့်မြတ်တဲ့ ဘုရားသခင်က ဖန်ဆင်းထားလို့ပါပဲ။

သမ္မာကျမ်းစာက လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်း သောအရာတို့သည် အသစ်ဖြစ်ကြပြီ ဟု (၂ ကော ၅း၁၇) ၌ ပြောထားပါသည်။ လူတိုင်း အသစ်ပြုပြင်ရန် လိုအပ်နေကြောင်း ပြောထားခြင်း ဖြစ်ပါသည်။

**ဘာကြောင့်လဲ။**

လူတိုင်းတွင် အပြစ်ဟူသော ဆိုးညစ်ဟောင်း နွမ်းနေသောအရာရှိနေ၍ဖြစ်ပါသည်။ ထိုအပြစ်မှ လွတ်မြောက်ရန် ကိုယ်တိုင် ကြိုးစား၍ မရနိုင်ပါ။ နွံနစ်သူလို ရုန်းလေနစ်လေ ဖြစ်ပါသည်။ ထို့ကြောင့် အပြစ်နွံတွင်းမှာ နစ်မြုပ်နေသော လူသားများကို အချိန်မှီ ကယ်တင်ပေးနိုင်မည့် ကယ်တင်ရှင် လိုအပ်နေပါသည်။

ဒီလိုအပ်ချက်ကို ယေရှုခရစ်တော်က ဖြည့်ဆည်းပေးနေပါတယ်။ ခရစ်တော်က လူသားတွေရဲ့ အပြစ်အားလုံးကို သူ့ရဲ့အသွေးတော်နဲ့ဆေးကြောပေးဖို့ လက်ဝါးကားတိုင်မှာ အသေခံခဲ့ပါတယ်။ (၃)ရက်မြောက်သောနေ့မှာ ပြန်လည် ရှင်ပြန်ထမြောက်ပြီး သေခြင်းကို အောင်မြင်ခဲ့ပါတယ်။

ဒါ့ကြောင့် မိတ်ဆွေအနေနဲ့ ယေရှုခရစ်တော်ကို မိမိရဲ့ အသက်သခင် ကယ်တင်ပိုင်ရှင်အဖြစ်ယုံကြည် လက်ခံပါက အသစ်ပြုပြင်သောသတ္တဝါဖြစ်လာပြီး ဟောင်းနွမ်းတဲ့ အရာတွေနဲ့ လုံးဝမပတ်သက်တော့ဘဲ အရာရာမှာ အသစ်ခေါ် နယူး (New) ဖြစ်လာမယ်။ နှစ်သစ်မှာ နယူး (New) မှန်သမျှ ရယူ ပိုင်ဆိုင်သူ ဖြစ်ဖို့ ဘုရား သခင် ကောင်းကြီးပေးပါစေ။

**တကယ့်မေးခွန်းဖြေပါ**

လောကတွင် လူတိုင်းကြုံရသည့် အရာတစ်ခုမှာ မေးခွန်းအမေးခံရခြင်းပင်ဖြစ်သည်။ သိလျှက်နှင့် မေးခြင်းနှင့်သိလိုသောကြောင့် မေးခြင်းသာ ကွာခြားသည်။ မေးခွန်းတိုင်းကိုလည်း အဖြေရှိမှ ကြေနပ်ကြသည်။ အဖြေမရှိသော မေးခွန်းမျိုးဆိုလျှင် ရှောင်တတ်ကြသည်။ မိတ်ဆွေကို တကယ့်မေးခွန်း မေးပါရစေ–

သိစေချင်သောကြောင့် အဖြေရှိသော မေးခွန်း အမျိုးအစား ဖြစ်ပါသည်။ ခဏတာ စဉ်းစားဆင်ခြင်ကြည့်ပါ။ အဖြေမထွက်ပါ ကလည်း ရှောင်ထွက်သွားတာမျိုး မလုပ်ဘဲ နောက်ဆုံးရလဒ် အဖြေကို ဖတ်ရှုစေချင်ပါသည်။ အဖြေလွှာအတိုင်း အသက်ရှင်ပါက ထာဝရ ရှင်လန်းခြင်း ရရှိမည်ဆိုသည်ကိုလည်း ကြိုတင် ပြောထားပါရစေ။

လူ့ဘဝတွင် အရေးအကြီးဆုံးက ဘာလဲ။ ကျန်းမာရေးလား၊ စည်းစိမ်ဥစ္စာလား၊ ကျန်းမာရေးသည် မရှိမဖြစ်အရေးတကြီး လိုအပ်ပါသည်။ သို့သော် မဖျားမနာဘဲလျှက် သေကြသူအများကြီးရှိသည်။ မသေသော ဆေးသမား မရှိပေ။

ငွေကြေး စည်းစိမ်ဥစ္စာ ကြွယ်ဝခြင်းသည် လူရာ ဝင်စေသောကြောင့် အရေးကြီးပါသည်။ သို့သော် လူ့ဘဝဟူသည် ကွေးသောလက် မဆန့်မီ ဆန့်သောလက် မကွေးမီ ထာဝရကာလတစ်ခုသို့ ကူးပြောင်းရမည် ဖြစ်သောကြောင့် ၎င်းတို့ကို ထားခဲ့ရမည်။

သို့ပါသောကြောင့် လူ့ဘဝအတွက် အရေးအကြီးဆုံးမှာ လုံခြုံရေး အာမခံချက်ပင်ဖြစ်သည်။

လူသည် တမလွန်ဘဝတွင် ကောင်းကင် (သို့) ငရဲ တစ်နေရာရာသို့ မလွဲမသွေ ရောက်ရမည်ဖြစ်သည်။ သို့ဖြစ်လျှင် မည်သူက ကောင်းကင်ရောက်ပြီး မည်သူကငရဲ ရောက်သွားရမည်နည်းဟု မေးစရာရှိလာပါသည်။

**လူတိုင်းသည်အပြစ်သားဖြစ်သည်။**

ကောင်းသော အကျင့်ကို သိလျှက်နှင့် မကျင့်ဘဲ နေသောသူသည် အပြစ်ရှိ၏။ (ယာ ၄း၁၇) ဟု သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ ကမ္ဘာဦးအစ လူသား အာဒံနှင့်ဧဝတို့၏ ဘုရားသခင် စကားနားမထောင်သော အပြစ်လည်း ရှိနေရာ အပြစ်နှင့် ကင်းလွတ်သူ လုံးဝမရှိပေ။ အပြစ်ရှိသူတိုင်း သွားရမည့်လမ်းသည် ငရဲလမ်းဖြစ်သည်။ အပြစ်က လူနှင့် ဘုရားကို ဝေးကွာစေသည်။ ငရဲသို့ လားအောင် တွန်းပို့ပေးသည်။ ထို့ကြောင့် ကိုယ်တိုင်အပြစ်သား ဖြစ်မှန်းသိပါက အပြစ်ကို ဖယ်ရှားရန် နည်းလမ်းရှာရပေမည်။

စကြာဝဠာတစ်ခုလုံးကို ဖန်ဆင်းသော ထာဝရဘုရားသခင်သည် သူ၏တစ်ပါးတည်းသော သားတော် ယေရှုခရစ်တော်ကို လူ့ဇာတိခံယူစေ ပြီး မွေးဖွားစေသည် (လုကာ ၂း၁၁)။ ခရစ်တော်သည် အပြစ်သားများ၏ အပြစ်အားလုံးကို လက်ဝါးကားတိုင်ပေါ်တွင် အသေခံကာ အသွေးတော် သွန်းလောင်းပြီး ဆေးကြောပေးခဲ့သည် (ဟေဗြဲ ၉း၂၂)။ သင်္ဂြိုဟ်ပြီး (၃) ရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်ပြီး သေခြင်းမာန်ကို အောင်မြင်ခဲ့သည်။ ( ၁ ကော ၁၅း ၃– ၄)။ အပြစ်ငရဲမှ ကယ်တင်ကာ ထာဝရအသက်ကို ပေးသည်။ (ယော ၆း ၄)။ မိတ်ဆွေ ထိုသခင်ယေရှုကို အသက်သခင် ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံပါ။ ကောင်းကင် ရောက်ရန် သေချာပါပြီ။ ထိုသို့မဟုတ်ဘဲ ငြင်းပယ်ပါက မိတ်ဆွေအတွက် ငရဲတံခါးက အဆင်သင့်ပါ။

သို့ဖြစ်သောကြောင့် လူ့ဘဝတွင် အရေးအကြီးဆုံးဖြစ်သည့် လုံခြုံရေး အာမခံချက် ရရှိရန်အတွက် ယေရှုခရစ်တော်သာလျှင် အဓိက ဖြစ်ပါသည်။ တကယ့်မေးခွန်း၏ အဖြေလွှာအတိုင်း အသက်ရှင်ရင်း ထာဝရရှင်လန်းနိုင်ပါစေ။

**အခမဲ့။**

မိတ်ဆွေ ပစည်းတစ်ခုခုကို လက်ဆောင်အနေနဲ့ ရလို့ရှိရင် တန်ဖိုးထားတတ်တာ ဓမ္မတာပါ။ မတည်မြဲတဲ့ ဒီအရာဝတ္ထုတစ်ခု အတွက် ဒီလို စိတ်ထားမျိုး ရှိတတ်ကြတယ်ဆိုရင် ထာဝရ အသက်ရှင်ဖို့အတွက် အခမဲ့ လက်ဆောင်တစ်ခု ပေးထားတာကို လက်ဆင့်ကမ်းလိုပါတယ်။ ဒီလက်ဆောင်ကတော့ တန်ဖိုးဖြတ်လို့ လုံးဝမရပါဘူး။

လူဆိုတာ လူ့ဘဝအစ၊ အမိဝမ်းက လို့ဆိုပေမယ့် တကယ့်လူ့ဘဝ အစကို သိရှိဖို့ အရေးကြီးပါတယ်။ သမ္မာကျမ်းစာက ဘုရားသခင်သည် မိမိ၏ ပုံသဏ္ဌာန်တော်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ (ကမ္ဘာ ၁း၂၇) လို့ ဖော်ပြထားရာ လူကို ဘုရားသခင်က ဖန်ဆင်းထားတာ တွေ့ရပါတယ်။

လူ့ဘဝဆိုတာ ရခဲလှပြီး တိုတောင်းလွန်းလှပါတယ်။ ဒီလို အခြေအနေမျိုးမှာ တိရစ္ဆာန်နှင့် မတူဘဲ ဝိညာဉ်ရှိတဲ့ လူသားတွေရဲ့ တမလွန်မှာ အဲဒီဝိညာဉ်ရဲ့ လားရာအရပ်ကို သိရှိဖို့ လိုပါတယ်၊ ကောင်းတဲ့နေရာလား။ ဆိုးတဲ့နေရာလား။

တချို့က ကောင်းတာကို လုပ်ရင် ကောင်းတဲ့နေရာကို ရောက်မယ်လို့ ပြောတတ်ကြပါတယ် မှန်ပါတယ်။ ဒါပေမယ့် ကောင်းတာကို အမြဲ လုပ်နိုင်သလားဆိုတာကို ဆန်းစစ်ဖို့လိုနေပါတယ်။

အမိဝမ်း၌ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲပါ၏။ (ဆာ ၅၁း၅) လို့ သမ္မာကျမ်းစာက ဖော်ပြထားတဲ့အတွက် မကောင်းတာလုပ်မှ အပြစ်ရှိတာ မဟုတ်ပါဘူး။ မွေးရာပါ နဂိုမူလဇီဇ အပြစ်ပါပြီးသား ဖြစ်ကြပါတယ်။

ဒါ့ကြောင့် လူတိုင်းက ကောင်းတဲ့ နေရာရောက်ဖို့အတွက် နည်းလမ်းပေါင်းစုံနဲ့ကြိုးစားကြပေမယ့် နဂိုကပင် အပြစ်သားများ ဖြစ်ကြတဲ့အတွက် အချည်းနှီးပါပဲ။

ဒါဆိုရင် ဒီအပြစ်ကနေ လွတ်မြောက်ဖို့အတွက် လမ်းစမရှိတော့ဘူးလားလို့ မေးစရာပါပဲ။ ရှိပါတယ် မိတ်ဆွေ။ အဲဒီ လွတ်မြောက်ရာလမ်းကို ပြင်ဆင်ပေးတဲ့ ကယ်တင်ရှင်ကတော့ သခင်ယေရှုခရစ်တော်ဘုရားပဲ ဖြစ်ပါတယ်။ သူဟာ မိတ်ဆွေရဲ့ အပြစ်အားလုံးကို လက်ဝါးကားတိုင်မှာ သူ့ရဲ့ အသွေးတော်နဲ့ အသေခံ ဆေးကြောပေးပြီး (၃) ရက်မြောက်သောနေ့မှာ ထမြောက်ရှင်ပြန်တဲ့ ဘုရားစစ်၊ ဘုရားမှန် ဖြစ်ပါတယ်။

မိတ်ဆွေရဲ့ စိတ်ထဲမှာ ယေရှု ခရစ်တော်ကို ဒီဘုရားက ခရစ်ယာန်တွေရဲ့ ဘုရားပဲ၊ ငါနဲ့ မဆိုင်ဘူးလို့ မတွေးမိပါစေနဲ့။ ကမ္ဘာပေါ်မှာ ခရစ်ယာန်တွေရဲ့ ဘုရားလို့ သီးသန့် မရှိပါဘူး။ ခရစ်ယာန် ဘာသာပဲရှိပါတယ်။ ဘုရားနဲ့ဘာသာမတူပါ။

ဘုရားရှင် ပြင်ဆင်ပေးတဲ့ ဒီလွတ်မြောက်ရာလမ်းက လူသားအားလုံးအတွက် ဖြစ်ပါတယ်။ ထိုဘုရားသခင်ဟာ အပြစ်ရှိတဲ့ လူသားတွေကို သိတ်ချစ်တဲ့ ဘုရားဖြစ်ပါတယ်။ ဖေါက်ပြန်တတ်တဲ့ လူလူချင်းပင် ဆင်စီးမြင်းရံတာကို မြင်ချင်ကြတယ်ဆိုရင် ကြီးမားတဲ့ မေတ္တာနဲ့ ချစ်တော်မူတဲ့ ဘုရားသခင်က ပိုပြီးမြင်ချင်မှာကိုတော့ ယုံမှားစရာမရှိပါဘူး။

ဒါကြောင့်လည်း မိတ်ဆွေခံနေရမယ့် အပြစ်ဒဏ် အားလုံးအတွက် ကိုယ်စား အသေခံပေးခဲ့တာ ဖြစ်ပါတယ်။ မိတ်ဆွေအနေနဲ့ ဘာမှ လုပ်စရာ မလိုတော့အောင် အမှုပြီးပြီ လို့ကြွေးကြော်ပေးခဲ့ပါပြီ။

မိတ်ဆွေကလည်း နှလုံးသားထဲကနေ ယုံကြည်လက်ခံပြီး ယေရှုခရစ်တော်ကို အသက်သခင် ကယ်တင်ရှင်ပါ လို့ ကြွေးကြော်ရုံပဲ ရှိပါတော့တယ်။

ယေရှုခရစ်တော်က ငါ့ကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရ၏။ (ယော ၆း၄၇) လို့ ကတိပေး သွားပါတယ်။ ဒါ့ကြောင့် အဲဒီ တန်ဖိုးဖြတ်လို့ မရတဲ့အခမဲ့ မေတ္တာလက်ဆောင်ကယ်တင်ခြင်းကို အရယူပြီး အသက်တာသစ်မှာ အသက်ရှင်နိုင်ပါစေလို့ ဝေငှလိုက်ပါတယ်။

ဆရာမ ခိုင် ( မောင်ထော်လေး)